## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/၉၇)

## ၁၃၅၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်

## (၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေပုဒ်မ ၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁။ ဤဥပဒေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဥပဒေ ဟု ခေါ်တွင်စေရမည်။"

၃။ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေတွင် ပါရှိသော "မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်" ဆိုသည့် စကားရပ်ကို "မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) ဝန်ကြီးဌာန ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

၅။ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ အစိုးရသည် -

(က) ဘဏ်၏ ဒါရိုက်တာအဖွဲ့ကို အဖွဲ့ဝင်အနည်းဆုံး ၇ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) အဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်၊

(ဂ) ဥက္ကဋ္ဌ၏ သက်တမ်းကိုသော်လည်းကောင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ သက်တမ်းကိုသော်လည်းကောင်း သတ်မှတ်ပေးနိုင်သည်။”

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့